မကြီးထွားနိုင်သော ကလေး၏ လက္ခဏာများ ဟာ ဘာလဲ။

- ကိုယ်ခန္ဓာကြီးထွားမှု မရှိခြင်း
- အာဟာရချိတ် ချို့တဲ့ခြင်း
- အရိုးနုခြင်း
- မျက်စိအား နည်းခြင်း
- စိတ်မကြည်သာခြင်း
- ကိုယ်အလေးချိန် လျော့နည်းခြင်း
- အသံမကြားခြင်း

အကယ်၍ သင်၏ ကလေးသည် ကောင်းမွန်စွာ မကြီးထွားခဲ့လျှင် သင် ဘယ်သူ့ကို ပြောမလဲ။

အကယ်၍ သင်သည် သင့်ကလေး ကြီးထွားမှု အကြောင်း စိုးရိမ်ခဲ့လျှင် ကျေးဇူးပြုပြီး သင့်ကလေး ဆရာဝန်ကို ပြောပါ။ သင့်ကလေးကို သူတို့၏ လုပ်ရိုးစဉ်ဖြစ်သော ဆေးစစ်ဆေးခြင်းနှင့် ကာကွယ်ဆေးထိုးခြင်းများ အားလုံး လုပ်ဖြစ်အောင် လုပ်ပါ။

ကလေးကြီးထွားခြင်း သတင်းအကြောင်း ပိုမိုသိရှိရန် ကျေးဇူးပြုပြီး အင်တာနက်ပေါ်၌ ရှုပါ။

www.cdc.gov/ncbddd/autism/ActEarly

www.nidcd.gov/health/voice/speechandlanguage

• • •

ဤစာစောင်ကို အောက်ပါ အချက်အလက်နှင့် အရင်းအမြစ်များ အကူအညီဖြင့် ရေးသားထားသည်။

National Center for Birth Defects and Developmental Disabilities

Centers for Disease Control

ဤစာစောင်သည် ကျန်းမာရေးဌာနနှင့်ဒုက္ခသည် ပြန်လည်နေရာချထား ရေးလူမှုဝန်ဆောင်မှုရုံးမှ ငွေစိုက်ထုတ်ပေးခြင်း အားဖြင့်ဖြစ်ပေါ်လာခဲ့သည်။

သတင်း အဆက်အသွယ်ပြုလုပ်ခြင်း–
riht@uscridc.org
U.S. Committee for Refugees and Immigrants
1717 Massachusetts Ave., NW
Suite 200
Washington, DC 20036
တယ်လီဖုန်း 202 • 347 • 3507
ဖက်စ် 202 • 347 • 7177
www.refugees.org

သင့်ကလေး ကြီးထွားမှု ကြည့်ရှုခြင်း

(ကြီးထွားမှု မိုင်တိုင်များ)

Watching Your Child Grow

(Development Milestones)

(Burmese)

U.S. COMMITTEE FOR REFUGEES AND IMMIGRANTS

USCRI

www.refugees.org

Protecting Refugees, Serving Immigrants, Upholding Freedom since 1911

သင်၏ ကလေး ကြီးထွားမှု ကြည့်ရှုခြင်း

ကိုယ်ခန္ဓာအရ သော်လည်းကောင်း၊ စိတ်ခံစားမှုအရ သော်လည်းကောင်း၊ လူမှုရေးအရကိုပါ တိုးတက် ကြီးထွားရန် ကလေး အသက် ပထမနှစ် အရွယ်သည် သူတို့ အတွက် အရေးကြီးသော အချိန်ဖြစ်သည်။ ဤဟာသည် ကလေး ကြီးထွား တိုးတက်မှု ဟုခေါ်သည်။ သူတို့၏ ကလေးများကို ကောင်းမွန်သော နှုန်းထားဖြင့် ကြီးထွားခြင်း ရှိမရှိ မိဘများက လိုက်လံ ကြည့်ရှုနိုင်ရန် ကလေးကြီးထွားမှု အဆင့် အမျိုးမျိုး ရှိသည်။ အမေရိနိုပြည်တွင် မိဘများကို ကလေးများ၏ ဦးခေါင်၊ မျက်စိ၊ နားနှင့်ကိုယ်အင်္ဂါများ တိုးတက်မှု ပုံမှန်မဟုတ်သော လက္ခဏာများ ရှိမရှိ အမြဲတမ်း ကြီးကြပ်စစ်ဆေးရန် အကြံပြုထားသည်။

ကျွန်ုပ်၏ ကလေးအကြောင်း ဘာသိသင့်သလဲ။

ကလေးများသည် သူတို့၏ ကြီးထွားနှုန်း အမျိုးမျိုးဖြင့် ကြီးထွားကြသည်။ ကလေးငယ်တိုင်းသည် သူ သို့မဟုတ် သူမ၏ နှုန်းအတိုင်း ကြီးထွားကြပြီး သင့် ကလေးသည် အရွယ်တူ တခြားကလေးများ မတိုင်မီ ဤအဆင့်သို့ ရောက်ရှိနိုင်သည် သို့မဟုတ် နောက်ကျပြီး ရောက်ရှိနိုင်သည်။ ဤစာစောင်သည် ကလေးကြီးထွားမှု သိရှိရန်အတွက် သင့်ကို အကူအညီ ပေးရန်နှင့် အကယ်၍ စိုးရိမ်မှု ရှိခဲ့လျှင် သင့်ကလေး ဆရာဝန် ဘာမေးမြန်းရမည်ကို သိရှိစေရန် အထောက်အကူပြုသည့် လွယ်ကူသော လမ်းညွှန်မှု တခုဖြစ်သည်။ ကလေး ကြီးထွားနေသည်နှင့်အမျှ မိဘက ကြည့်သင့်သည့် လက္ခဏာများ ဖြစ်ကြ သည်။

ခုနှစ်လတွင် ကြီးထွားမှုနှင့်တိုးတက်မှု

ကျန်းမာရေးကောင်းသော ကလေးငယ်အများအပြား အသက်အရွယ် ခုနှစ်လ အပြီးတွင်–

- နာမည် ခေါ်သည့်အခါ ဦးခေါင်းလှည့်ခြင်း
- တခြားသူများကို ပြန်လည် ပြုံးပြခြင်း၊
- အသံကို အသံအားဖြင့် တုံ့ပြန်ခြင်း၊
- ဆော့ ကစားခြင်းကို နှစ်သက်ခြင်း၊
- ကစားစရာ အရုပ်များ ကိုင်တွယ်ခြင်း၊
- အရာ တခုခု/အလင်းရောင်ကို သူတို့မျက်စိ အနား ရွေ့သွားလျှင် လိုက်လံကြည့်ခြင်း စသည်များ ပြုလုပ် နိုင်သည်။

တနှစ် (12)လတွင် ကြီးထွားမှုနှင့်တိုးတက်မှု

ကျန်းမာရေးကောင်းသော ကလေးငယ်များ တနှစ်အရွယ်တွင်–

- ရိုးရိုးကိုယ်လက် အမူအရာ သုံးခြင်း (လက်ပြလျက် ဂွတ်ဘိုင် လုပ်တတ်ခြင်း)၊
- ရိုးရိုးအသံ ပြုလုပ်တတ်ခြင်း၊
- ကစားရာတွင် လိုက်လုပ်တတ်ခြင်း(လက်ခုပ် တီးခြင်း) နှင့်
- "မဟုတ်" ဟုပြောရာတွင် တုံ့ပြန်တတ်ခြင်းများ ပြုလုပ်နိုင်သည်။

အသက် ၁နှစ် ၁နှစ်ခွဲတွင် ကြီးထွားမှုနှင့်တိုးတက်မှု

ကျန်းမာရေးကောင်းသော ကလေးငယ်များ အသက် ၁နှစ် ၁နှစ်ခွဲ အရွယ်တွင်–

- ဟန်ဆောင်ကစားတတ်ခြင်း (အရုပ် တယ်လီဖုန်း စကားပြောတတ်ခြင်း)၊

- စိတ်ဝင်စားဖွယ်အရာများကို လက်ညှိုးထိုးပြတတ်ခြင်း၊
- အရာဝတ္ထုကို သင် လက်ညှိုးထိုးပြပြီး ကြည့်ပါဟု ပြောသည့် အချိန် ကြည့်တတ်ခြင်း၊
- သူတို့ဖာသာ စကားအမြောက်အမြား ပြောဆို တတ်ခြင်းများ ပြုလုပ်တတ်သည်။

နှစ်နှစ်တွင် ကြီးထွားမှုနှင့်တိုးတက်မှု

ကျန်းမာရေးကောင်းသော ကလေးငယ်များ အသက် နှစ်နှစ် အရွယ်တွင်–

- စကားလုံးနှစ်ခု အသုံးပြုခြင်း၊
- ရိုးရိုးခိုင်းစေမှုများ လိုက်နာခြင်း၊
- တခြားကလေးငယ်များကို စိတ်ဝင်စားခြင်းနှင့်
- နာမည် ပြောသည့်အခါ အရာတခုခု သို့မဟုတ် အရုပ်ကို လက်ညှိုးထိုးပြခြင်းများ ပြုလုပ်တတ်သည်။

သုံးနှစ်တွင် ကြီးထွားမှုနှင့်တိုးတက်ခြင်း

ကျန်းမာရေးကောင်းသော ကလေးငယ်များ သုံးနှစ်အရွယ်တွင်–

- တခြား ကလေးငယ်များကို နမ်းခြင်း သို့မဟုတ် ပွေ့ ဖက်ခြင်း၊
- စကားလုံးနှစ်ခု အသုံးပြုခြင်း၊
- လူကြီးများနှင့် ကစားအဖော်များကို လိုက်တုခြင်းနှင့်
- အရုပ်၊ အိမ်မွေးတိရစ္ဆာန်၊ လူများနှင့် ကစားခြင်းများ ပြုလုပ်တတ်သည်။

လေးနှစ်တွင် ကြီးထွားမှုနှင့်တိုးတက်မှု

ကျန်းမာသော ကလေးငယ်များ အသက်လေးနှစ် အရွယ်တွင်–

- စကားလုံး 5 မှ 6 ခု အသုံးပြုခြင်း၊
- အဆင့်သုံးဆင့်ပါ ညွှန်ကြားချက်များ လိုက်နာခြင်း ("ဝတ်ဆင်ပါ၊ ခေါင်းဖီးပါ၊ သွားတိုက်ပြီး မျက်နှာသစ်ပါ")နှင့်
- တခြား ကလေးများနှင့် ပေါင်းဖော်တတ်ခြင်း စသည်များ ပြုလုပ်တတ် သည်။